

# မြန်မာနိုင်ငံကြက်ခြေနီအသင်း

HR-VA No. 001 – Night Guard

**မြန်မာနိုင်ငံကြက်ခြေနီအသင်း**သည် မြန်မာနိုင်ငံတွင် သက်တမ်းအရှည်ကြာဆုံးနှင့် ဦးဆောင်ဦးရွက်ပြုနေသော လူမှုကရုဏာအဖွဲ့အစည်းဖြစ်ပြီး ဘေးအန္တရာယ်ကျရောက်လွယ်ဆုံးသူများ၏ ကျန်းမာရေးနှင့် ပိုမိုကောင်းမွန်သော ဘဝများအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။

## ညစောင့် လုံခြုံရေး

| | | |
|---|---|---|
| အရေအတွက် | : | (၁) ဦး |
| အစီရင်ခံတင်ပြမှု | : | Admin, HR & Logistic Officer |
| စီမံချက်/စီမံကိန်း | : | ရပ်ရွာလူထု ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သောကျေးရွာများတည်ဆောက်ခြင်း |
| ဌာန | : | ကျန်းမာရေးဌာန |
| တာဝန်ကျရာနေရာ | : | ကျိုင်းတုံ |
| အဆင့် | : | A-2 |
| အကျိုးခံစားခွင့်များ | : | လစာ + အပိုထောက်ပံ့ကြေး + ရှောင်တခင်ခွင့်+ ကူးစက်ရောဂါကာကွယ်ခွင့် + လုပ်သက်ခွင့် + ဆေးလက်မှတ်ခံစားခွင့် + မီးဖွားခွင့် + နာရေးခွင့် + အစားထိုးနားရက်ခံစားခွင့် + မွေးကင်းစကလေးအား ပြုစုခွင့် + သွေးလှူရှင်ခွင့် + ခရီးသွားစားရိတ် + ကျန်းမာရေးအာမခံနှင့် စုပေါင်း အသက်အာမခံ + စွမ်းဆောင်ရည်မြင့် သင်တန်းများ |
| လျှောက်လွှာပိတ်ရက် | : | ၂၀၂၆ ခုနှစ်၊ ဇွန်လ ၈ ရက် ၊ (၁၆:၃၀)နာရီ |

**စီမံကိန်းအကြောင်း မိတ်ဆက်အကျဉ်း**

ရပ်ရွာလူထု ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သော ကျေးရွာများတည်ဆောက်ခြင်း စီမံချက်၏ ရည်ရွယ်ချက်မှာ ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျိုင်းတုံမြို့နယ်ရှိ စီမံချက်ကျေးရွာများရှိ ထိခိုက်နိုင်ခြေရှိသည့် ပြည်သူလူထုမှ ကျန်းမာရေးအသိပညာများ ပိုမိုတိုးတက်မြင့်မားလာသော ကျေးရွာများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။ ကျေးရွာလူထုကိုယ်တိုင် ကျေးရွာ၏ အဓိက ကျန်းမာရေးပြဿနာများကို ကိုယ်တိုင်ဖော်ထုတ်နိုင်ပြီး ကျန်းမာရေးဝန်ဆောင်မှုများ ရရှိအောင် ၎င်းတို့ကိုယ်တိုင် ချိတ်ဆက် စီမံဆောင်ရွက်နိုင်ရန် လိုအပ်သောနည်းပညာများ ပံ့ပိုးပေးရန် ဖြစ်ပါသည်။ ရပ်ရွာလူထု ကျန်းမာပြီး ကြံ့ကြံ့ခံနိုင်သော ကျေးရွာများ တည်ဆောက်နိုင်ရေးအတွက် စီမံချက်ကျေးရွာများရှိ ကျေးရွာကော်မတီများ၊ မိခင်များအဖွဲ့များ၊ ကျေးရွာစေတနာ့လုပ်အားရှင်များ၊ မြို့နယ်ကြက်ခြေနီ စေတနာ့လုပ်အားရှင်များအား စွမ်းဆောင်ရည်မြှင့် သင်တန်းများပေးခြင်း၊ ကျေးရွာများတွင် လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကူညီပံ့ပိုးပေးခြင်းနှင့် မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး လုပ်ငန်းများပါဝင်ပါသည်။

**ရည်ရွယ်ချက်**

မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ အခြေခံမူများ၊ စည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ကျိုင်းတုံမြို့နယ်ရှိ စီမံချက်ရုံး အဆောက်အအုံများ၊ သိုလှောင်ရုံများ၊ မော်တော်ယာဥ်များ၊ ဆိုင်ကယ်များ၏ လုံခြုံရေးနှင့် မီးဘေးအန္တရာယ်လုံခြုံရေးကို စောင့်ကြပ်ပေးရန် ဖြစ်ပါသည်။

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities’ members in our programs"

*Humanity, Impartiality, Neutrality, Independence, Voluntary Service, Unity and Universality*





## တာဝန်နှင့်ဝတ္တရားများ

**အဓိကဆောင်ရွက်ရမည့်လုပ်ငန်းတာဝန်များ**

၁။ စီမံချက်အဆောက်အဦအတွင်း၊ အပြင်၏ ညပိုင်းလုံခြုံရေးအား ကြပ်မတ်ကာ လုံခြုံရေးတာဝန်ထမ်းဆောင်ရမည်။ လုပ်ငန်းတာဝန်ချိန်သည် နေ့စဉ် ည ၆နာရီမှ မနက် ၈ နာရီအထိ (ပိတ်ရက်မရှိ) ဖြစ်ပြီး ညတိုင်း တာဝန်ချိန် အတိအကျ ရောက်ရှိဆောင်ရွက်ရမည်။

၂။ တာဝန်ချိန်အတွင်း ရုံးအဆောက်အဦအား စစ်ဆေးကြပ်မတ်၍ မှတ်တမ်းတင်ထားပြီး တိုက်ရိုက်ကြီးကြပ်သူထံ တင်ပြရမည်။ လှည့်ပတ်စစ်ဆေးကြီးကြပ်မှုအား ၂နာရီ တစ်ကြိမ်နှင့် လိုအပ်သလို ပြုလုပ်ပြီး မှတ်တမ်းတင်ထားရမည်။

၃။ မိမိတာဝန်ကျသည့် အဆောက်အဦ၏ အတွင်း၊ အပြင် လုံခြုံရေးအတွက် ညတာဝန်ကျချိန်တွင် ရုံးတံခါးများ၊ ပြတင်းပေါက်များ၊ ခြံဝန်းတံခါးများ၊ ရုံး၏ လေးဘက်လေးတန် အုတ်တံတိုင်းများအား ကြပ်မတ်စစ်ဆေးရမည်။

၄။ မိမိတာဝန်ကျ ရုံးအဆောက်အဦ ပတ်ဝန်းကျင်၏ အနေအထားများကိုလည်း ကျွမ်းကျင်နှံ့စပ်စွာ တာဝန်ချိန်အတွင်း အမြဲမပြတ်လေ့လာ သိရှိရမည်။

၅။ စီမံချက်ရုံးပတ်ဝန်းကျင်နှင့် ရုံးဝင်းအတွင်း တစ်စုံတစ်ရာ မသင်္ကာဖွယ် တွေ့ရှိပါက တိုက်ရိုက်ကြီးကြပ်သူထံသို့ အချိန်နှင့်တစ်ပြေးညီ သတင်းပို့ရမည်။

၆။ မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရန်အတွက် ရုံးနှင့် ရုံးဝင်းအတွင်း မီးပလပ်ပေါက်များ၊ မီးကြိုးများ၊ မီးစက်နှင့် မီးသတ်ဆေးဗူးများအား ပုံမှန်စစ်ဆေးရမည်။ လောင်စာဆီများနှင့် မီးလောင်လွယ်သောပစ္စည်းများအား အထူးဂရုပြု ထိန်းသိမ်းထားရမည်။ အသုံးပြုမည့် မီးဘေးအန္တရာယ် ကာကွယ်ရေးပစ္စည်းများကိုလည်း အမြဲမပြတ် စစ်ဆေး အသုံးပြုတတ်ရမည်။

၇။ မိမိတာဝန်ကျသည့် ရုံးအဆောက်အဦ၏ လုံခြုံရေးအတွက် ရုံးနှင့်ပတ်သက်သည့် သတင်းအချက်အလက်များ လုံခြုံမှုရှိရမည်။ တိုက်ရိုက်ကြီးကြပ်သူများနှင့် စီမံချက်ဝန်ထမ်းများ မှတစ်ပါး အခြားမည်သူတစ်ဦးတစ်ယောက်ကိုမျှ လုံးဝပြောကြားခြင်း မပြုအောင်ထိန်းသိမ်းရမည်။

၈။ ရုံးနှင့် ရုံးခြံဝန်းအတွင်းသို့ ဌာနနှင့် မသက်ဆိုင်သော ယာဉ်/ လူပုဂ္ဂိုလ်များ အကြောင်းမဲ့ ဝင်ရောက်မှုမရှိစေရေး တားမြစ်ရမည်။ ရုံးအကြီးအကဲ၏ ခွင့်ပြုချက်မရဘဲ မည်သည့် ယာဉ်၊ ပစ္စည်း၊ လူ ကိုမှ လက်ခံခြင်း၊ ထားသိုခြင်း၊ သိမ်းဆည်းခြင်း မပြုလုပ်ရန် ကြီးကြပ်ရမည်။

၉။ တာဝန်ချိန်အတွင်း လုပ်ငန်းနှင့်ပတ်သက်သည့် ဖုန်းသတင်းများ လက်ခံရရှိပါက တိုက်ရိုက်ကြီးကြပ်သူထံသို့ အချိန်နှင့်တပြေးညီ သတင်းပေးပို့ရမည်။

၁၀။ စီမံချက်ရုံးဝန်းအတွင်း သန့်ရှင်းရေးကိုလည်း တာဝန်ယူ ဆောင်ရွက်ရမည်။

၁၁။ တိုက်ရိုက်ကြီးကြပ်သူအပါအဝင် ကြီးကြပ်သူအဆင့်ဆင့်မှ အခါအားလျော်စွာ ပေးအပ်ညွှန်ကြားချက်များကိုလည်း အချိန်နှင့်တပြေးညီ တာဝန်ယူဆောင်ရွက်ရမည်။ ကြီးကြပ်သူများမှ လိုအပ်သလို ဖုန်း (သို့) Video Call ဖြင့် ရှောင်တခင်စစ်ဆေးကြီးကြပ်နိုင်ရန် ဆက်သွယ်ရမည့် ဖုန်းအား တာဝန်ချိန်အတွင်း အမြဲဖွင့်ထားပြီး စစ်ဆေးမှုကိုခံယူနိုင်ရမည်။

၁၂။ ရုံးခြံဝန်း အတွင်း/ အပြင် သန့်ရှင်းသာယာသပ်ရပ်နေစေရေးအတွက် တံမြက်စည်းလှည်းခြင်း၊ သန့်ရှင်းရေး ပြုလုပ်ခြင်းများ ဆောင်ရွက်ရမည်။

၁၃။ ကြီးကြပ်သူမှ အခါအားလျော်စွာပေးအပ်သော အခြားလုပ်ငန်းတာဝန်များကိုလည်း ထမ်းဆောင်ရမည်။

**လိုအပ်သောအရည်အချင်းများ**

- **အခြေခံပညာအလယ်တန်းအဆင့်အောင်မြင်ပြီးသူဖြစ်ရမည်။**
- ရုံးနှင့် ဂိုဒေါင် ညစောင့် လုံခြုံရေးအတွေ့အကြုံအနည်းဆုံး လုပ်သက် (၁)နှစ် ရှိရမည်။
- ကျန်းမာသန်စွမ်းပြီး သွက်လက်နိုးကြားသူဖြစ်ရမည်။
- ဆက်ဆံရေး ပြေပြစ်ကောင်းမွန်သူ ဖြစ်ရမည်။
- ပြစ်မှုကင်းရှင်းသူ၊ ရိုးသားသူ၊ လုံခြုံရေးအမြင်ရှိသူ ဖြစ်ရမည်။
- မြန်မာစာဖြင့် အစီရင်ခံသတင်းပေးပို့နိုင်သူဖြစ်ရမည်။
- မော်တော်ဆိုင်ကယ်အား ကျွမ်းကျင်စွာနှင့် လုံခြုံစိတ်ချစွာ မောင်းနှင်နိုင်သူဖြစ်ရမည်။
- မြန်မာစာအား ကောင်းမွန်စွာ ရေးသားပြောဆိုတတ်သူဖြစ်ရမည်။
- ကြက်ခြေနီအခြေခံမူများနှင့်အညီ ဆောင်ရွက်နိုင်ရမည်။
- ကြက်ခြေနီအခြေခံမူ(၇)ချက်၊ မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ မဟာဗျူဟာနှင့် စည်းမျဉ်း စည်းကမ်းများကို လိုက်နာနိုင်သူဖြစ်ရမည်။
- ကြက်ခြေနီနှင့် လခြမ်းနီအခြေခံမူများကို နားလည်လက်ခံပြီး တက်ကြွစွာမြှင့်တင်လိုစိတ်ရှိသူ ဖြစ်ရမည်။
- အထက်ပါအရည်အချင်းနှင့်ပြည့်စုံသော ဒေသခံများ (သို့မဟုတ်) ကြက်ခြေနီစေတနာ လုပ်အားရှင် များ လျှောက်ထားပါက ဦးစားပေးမည်။
- လျှောက်ထားသူများအနေဖြင့် မြန်မာနိုင်ငံကြက်ခြေနီအသင်း၏ ဝန်ထမ်းစည်းမျဉ်း၊ အသင်း၏ လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်း (Code of Conduct)၊ လိင်ပိုင်းဆိုင်ရာ အမြတ်ထုတ်ခြင်းနှင့် အလွဲသုံးစားပြုကျင့်ခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးမူဝါဒ (PSEA Policy)၊ ကလေးသူငယ် ကာကွယ်ပေးရေးဆိုင်ရာမူဝါဒ အပါအဝင် ၎င်း၏ စံချိန်စံညွှန်းများ (Child Safeguarding Standards)၊ လိမ်လည်မှုနှင့် အကျင့်ပျက်လာဘ်စားခြင်းအား တားဆီးကာကွယ်ခြင်းဆိုင်ရာမူဝါဒ (Anti-Fraud and Anti-Corruption Measures)၊ အခွင့်အလမ်း တန်းတူညီမျှမှုဆိုင်ရာ စည်းမျဉ်းများ (Equal Opportunity Principles)နှင့် အခြားသော လုံးဝ ခွင့်မလွှတ်ပေးနိုင်သည့် (Zero-Tolerance) မူဝါဒများနှင့် လုပ်ထုံးလုပ်နည်းများအား အပြည့်အဝ လေးစားလိုက်နာရန် လိုအပ်ပါသည်။

**“ကျွန်ုပ်တို့အဖွဲ့အစည်းသည် မတူကွဲပြားမှု (Diversity) နှင့် ကျား/မ တန်းတူညီမျှမှု (Gender Equality) တို့ကို တိုးတက်မြှင့်တင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပြီး မတူကွဲပြားသော နောက်ခံအခြေအနေ အတွေ့အကြုံရှိသူများကို လျှောက်ထားရန် အားပေးတိုက်တွန်းပါသည်။”**

"Person with disability are encouraged to apply this post as they will be given equal opportunity"

"Our recruitment and selection procedures reflect our commitment to the safety and protection of children, and prevention of violence among communities' members in our programs"

**စိတ်ပါဝင်စားသူများသည် ကိုယ်ရေးရာဇဝင်နှင့်အတူ လိုအပ်သောအထောက်အထား မိတ္တူ/ PDF Version ဖြင့် ပြည့်စုံစွာပေးပို့လျှောက်ထားမှသာလျှင်ထည့်သွင်းစဉ်းစားမည်ဖြစ်ပါသည်-

| | |
|---|---|
| မြန်မာနိုင်ငံကြက်ခြေနီအသင်း | မြန်မာနိုင်ငံကြက်ခြေနီအသင်း |
| ရုံးချုပ် | ရုံးခွဲ |
| ရာဇသင်္ဂဟာလမ်းမကြီး၊ ဒက္ခိဏသီရိမြို့၊ | အမှတ်(၄၂)၊ကမ်းနားလမ်း၊ဗိုလ်တထောင်မြို့နယ်၊ |
| နေပြည်တော်။ | ရန်ကုန်။ |

(သို့မဟုတ်) ahlo.bhrc@redcross.org.mm သို့ လိပ်မူကာ ပေးပို့ရမည်။

အသေးစိတ်အချက်အလက်များအား www. redcross.org.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

လူတွေ့စစ်မေးခြင်းရွေးချယ်ခံရသူကိုသာ အကြောင်းကြားမည်ဖြစ်ပါသည်။